

# ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၈၆ နှစ်မြောက်မွေးနေ့ကို အထိမ်းအမှတ်ပြုခြင်း အတွက် ပါတီဗဟိုရဲ့ အမှာစကား

ဒီနေ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်တဲ့ (၈၆) နှစ်ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။

ဒီနေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ရဲ့ ပြည်တွင်းဒေသအသီးသီးက လက်နက်ကိုင် တိုက်ပွဲဝင်နေကြတဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်မှူး ၊ တပ်သားများနဲ့ အတူ ပါဝင်တက်ရောက် အထိမ်းအမှတ်ပြုကြရတာကြောင့် ဝမ်းမြောက်မိပါတယ်။ ရဲဘော်အားလုံးကို အလေးနီပြုလိုက်ပါတယ်။ ပါတီ စတင်ထူထောင်ခဲ့ချိန်မှစ ဒီနေ့ထိ ပြည်သူလူထုနဲ့ ပါတီအကျိုးအတွက် လုံးပန်းတိုက်ပွဲဝင် ရင်း ကျဆုံးသွားခဲ့ကြတဲ့ ရဲဘော်များအားလုံးကိုလည်း ဦးညွှတ်အလေးပြုလိုက်ကြောင်း ပြောလိုပါတယ်။

ပါတီရဲ့သမိုင်းမှာ မြေအောက်ပါတီအဖြစ်၊ လက်နက်ကိုင်တိုက်ပွဲဝင်တဲ့ ပါတီအဖြစ် အနိမ့်အမြင့်၊ အတက်အကျ ကာလအသီးသီးကို ဖြတ်သန်းလာခဲ့တာဖြစ်ပါတယ်။ ဒီနေ့မှာပါတီဟာ မြေအောက်ပါတီအနေအထားရော၊ လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ပါတီ အနေအထားနဲ့ပါ ပုံစံနှစ်မျိုးလုံးနဲ့ ရပ်တည် တိုက်ပွဲဝင်နေတဲ့ကာလ ဖြစ်ပါတယ်။

၁၉၉၀ မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မြေအောက်ပါတီအဖြစ် ရပ်တည်ရင်း ဗမာပြည်ရဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲခဲ့ပါတယ်။ မြေအောက်ပါတီအဖြစ်ရပ်တည်ရင်း လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲနိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းမှုကို တလျှောက်လုံး လုပ်လာရင်းက ၂၀၂၁ မှာ နွေဦးတော်လှန်ရေးလို့ ခေါ်ကြတဲ့ ပြည်သူလူထုကြီးရဲ့ စစ်အုပ်စုဆန့်ကျင်ရေး တော်လှန်ရေး ဒီရေမြင့်တက်လာ တာနဲ့ ကြုံခဲ့ရပါတယ်။

ဒီတော်လှန်ရေး ဒီရေအတက် နဲ့အတူ ပါတီရဲ့ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်တဲ့ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကို ပြန်လည်ထူထောင်တိုက်ပွဲဝင်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီစွမ်းဆောင်နိုင်မှုဟာ ပါတီသမိုင်း မှာ အလွန်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ ဖြစ်စဉ်ကြီးတခုအဖြစ် သမိုင်းမှတ်တမ်းတင်ရမှာပါပဲ။

ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အဖြစ် ရပ်တည် တိုက်ပွဲဝင်နိုင်လာအောင် လုံးပန်းအားထုတ်ခဲ့ကြတဲ့ ရဲဘော်များကို ဂုဏ်ပြုချီးကျူးကြရမှာ ဖြစ်သလို၊ ဒီလို ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အဖြစ် ထူထောင် နိုင်အောင်ကြိုးပမ်းရာမှာ အဖက်ဖက်က ဝိုင်းဝန်းကြိုးပမ်း အကူအညီ ပေးခဲ့ကြတဲ့ မိတ်ဆွေများနဲ့ မဟာမိတ်များ အားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင် ဂုဏ်ပြု ရမှာပါပဲ။

ဗမာပြည်ရဲ့ ဒီနေ့အခြေအနေက စစ်အုပ်စု ရဲ့ အုပ်စိုးမှုအောက်မှာ ကျရောက်နေဆဲပဲ ဖြစ်ပြီး၊ ဒီစစ်အုပ်စုရဲ့ အုပ်စိုးမှုကို အများစု ပြည်သူလူထုကြီး နဲ့ နိုင်ငံရေးအင်အားစုအသီးသီး၊ လူမျိုးစု လက်နက်ကိုင်အင်အားစု အသီးသီးတို့က တခဲနက် လက်နက်ကိုင်အုံကြွ ဆန့်ကျင်တိုက်ပွဲဝင်နေကြတာ ဖြစ်ပါတယ်။

၂၀၂၁ ကစပြီး ဆင်နွှဲလာတဲ့ ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးဟာ (၄) နှစ်ကာလတိုင်လာခဲ့ပြီး ဒီ (၄)နှစ်အတွင်း အကောင်းရောအဆိုးပါ အတော်ကြီးမားတဲ့ တော်လှန်ရေး အတွေ့အကြုံတွေ ရရှိခဲ့ပြီး ရင့်ကျက်မှုတစုံတရာ ရှိလာခဲ့ပြီလို့ ဆိုရမှာပါပဲ။ ဒီ (၄) နှစ်တာကာလအတွင်း တော်လှန်ရေးအင်အားစုများရဲ့ လက်နက်ကိုင်တော်လှန် ပုန်ကန်တိုက်ပွဲဝင်မှုဟာ ကြီးမားတဲ့ အောင်ပွဲတွေရရှိခဲ့ပြီး ဖြစ်ပါတယ်။ အထူးသဖြင့် ၁၀၂၇ (တစ် သုည နှစ် ခွန်) စစ်ဆင်ရေး ဆင်နွှဲစဉ်က လူမျိုးစု လက်နက်ကိုင်အင်အားစုများနဲ့ ဒီမိုကရေစီတော်လှန်ရေးအင်အားစုများ စုပေါင်းတိုက်ပွဲ ဝင်နိုင်ခဲ့ချိန်က အောင်ပွဲတွေ အလီလီရရှိခဲ့ တာဖြစ်ပါတယ်။ မြို့တချို့နဲ့ စစ်နေရာအတော်များများကို သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်ခဲယမ်း အတော်များများ သိမ်းပိုက်ရရှိခဲ့တဲ့ အောင်မြင်မှုဟာ ဒီမိုကရေစီ တော်လှန်ရေးအတွက် ကြီးမားတဲ့ အထောက်အကူနဲ့ အကျိုးရလဒ်များ ရရှိစေခဲ့ပါတယ်။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ ဒီ ၁၀၂၇ (တစ် သုည နှစ် ခွန်) စစ်ဆင်ရေးအတွင်းမှာ တိုက်ပွဲအတွေ့အကြုံတွေ သင်ယူရရှိလာခဲ့ပြီး၊ လက်နက်ခဲယမ်းများလည်း ရရှိခဲ့ကာ တပ်တွေတိုးချဲ့တည်ဆောက်ပြီး၊ ဒေသအတော်များများကို တိုးချဲ့ လှုပ်ရှား တိုက်ခိုက်လာနိုင်တဲ့ စွမ်းရည်တွေ ရရှိခဲ့တာကို ကန်ဒေါ်င့်တိုက်ပွဲရဲ့ အောင်ပွဲက သက်သေထူ ပြသနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီအခြေခံပေါ်ကနေ ရှေ့ဆက်ပြီး ဖြစ်ပေါ်တိုးတက်လာအောင် ကြိုးစားသွားကြရမှာပဲ ဖြစ်ပါတယ်။

ဒီနေ့ကာလမှာ ရန်သူက သူ့အင်အားကို တစုံတရာပြန်လည်တည်ဆောက်လာနိုင်ပြီး နေရာတချို့ကို ပြန်လည် သိမ်းယူလာနိုင်တာ တွေ့လာရပါတယ်။ ၂၀၂၅ ဩဂုတ်လ (၁)ရက်ကစပြီး မင်းအောင်လှိုင် ရဲ့ စစ်အုပ်စုသစ် စတင်ဖွဲ့စည်းပြီး၊ ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆက်လက်ကိုင်ဆွဲကာ ရွေးကောက်ပွဲ လုပ်ပြီး အစိုးရသစ်တခု ထူထောင်ဖို့ကြိုးပမ်းလာခဲ့ပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲ ပြုလုပ်နိုင်မည့် နယ်မြေတိုးတက်ရရှိလာရေးအတွက် စစ်ဆင်ရေးများ တိုးချဲ့ပြုလုပ်ပြီး နယ်မြေတချို့ သိမ်းနိုင် ဖို့ လုပ်နေသလို၊ တဖက်မှာတွေ့ဆုံဆွေးနွေးတဲ့ နည်းလမ်းကိုအသုံးပြုပြီး မြို့တချို့ ပြန်လည်ရရှိအောင်

ကြိုးစားနေပါတယ်။ ဒါပေမဲ့ မင်းအောင်လှိုင်ရဲ့ စစ်အုပ်စုမျိုးဆက်သစ် ထူထောင်မှုအတွင်း အုပ်စုဖွဲ့မှု အသစ်တွေကြောင့် ဖယ်ရှားခံရတဲ့ စစ်ဗိုလ်ချုပ်တွေရဲ့ မကျေလည်မှုများရဲ့ ရိုက်ခတ်မှုတွေကြောင့် စစ်အုပ်စု တွင်း စည်းလုံးညီညွတ်မှုဟာ အတော်အား ပျော့နေပါတယ်။ တဘက်မှာ (၂၀၂၁) စစ်အာဏာသိမ်းမှုကို မကျေနပ်ကြလို့ စစ်အုပ်စုဆန့်ကျင်ရေး စိတ်ဓာတ်အခံရှိကြတဲ့ လူငယ်တွေကို အတင်းအဓမ္မ စစ်မှုထမ်း ခေါ်ယူစုဆောင်းခဲ့ပြီး၊ ဒီတပ်သားသစ် အများစုနဲ့ စုဖွဲ့ထားတဲ့ တပ်တွေသုံးပြီး စစ်ဆင်ရေး ပြုလုပ်နေတာ ကြောင့် ရန်သူရဲ့ စစ်ဆင်ရေးတွေဟာ မတက်ကြွတဲ့ စစ်ဆင်ရေး၊ အားမကောင်းတဲ့ စစ်ဆင်ရေးများ ဖြစ်နေပြီး စစ်နေရာတခုကို သိမ်းပိုက်မိဖို့ လေကြောင်းစစ်ကူတွေ အများကြီး သုံးပြီး အားဖြည့်ပေးနေရတဲ့ အနေအထား ဖြစ်နေပါတယ်။

ဒါကြောင့် ဒီနေ့အခြေအနေဟာ ရန်သူက နေရာတချို့မှာ ထိုးစစ်ဆင်လာနေပြီး၊ တော်လှန်ရေး အင်အားစုတွေက ခံစစ်ဆင်နေကြရတဲ့ အနေအထား တချို့ရှိလာနေပါတယ်။ တပြည်လုံးအနေနဲ့ ကြည့် ရင် စစ်မျက်နှာက ကျယ်ပြန့်ပြီး ရန်သူဟာ တချို့နေရာမှာထိုးစစ်၊ တချို့နေရာမှာ ခံစစ်ဖြစ်နေဆဲ အခြေ အနေကို တွေ့နေရပါတယ်။ တော်လှန်ရေးအင်အားစုတွေဘက်ကလည်း ပြောက်ကျားစစ်၊ လှုပ်ရှားစစ်တွေကို ပေါင်းစပ်ဆင်နွှဲပြီး ရန်သူ့စစ်နေရာတွေကို သိမ်းပိုက်နိုင်တဲ့ တိုက်ပွဲများကို ဆက်လက်ဆင်နွှဲ နိုင်နေကြဆဲ ဖြစ်ပါတယ်။

ဒီလို လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပေါ်တိုးတက်မှုဟာ တပြေးညီမဟုတ်ဘဲ အတက်အကျရှိ နေပေမယ့် နေရာအသီးသီးက တော်လှန်ရေးအင်အားစုတွေရဲ့ တိုက်ခိုက်ရေးစိတ်ဓာတ်ကတော့ မြင့်မားပြီး အောင်ပွဲများ ဆက်လက်ရရှိဖို့ ကြိုးစားတိုက်ပွဲဝင်နေကြတာ တွေ့မြင်နေရပါတယ်။ ရန်သူရဲ့ လေကြောင်း အားသာမှုရဲ့ ထိရောက်မှုကို လျှော့ချနိုင်စေပြီး၊ မိမိတို့ရဲ့ အားသာတဲ့ တိုက်နည်းများကို တိုးမြှင့် အသုံးချကာ ရန်သူကို ပိုမိုချေမှုန်းသွားနိုင်ဖို့ ကြိုးစားနေကြတာတွေ့ မြင်ရလို့လည်း ဝမ်းမြောက်မိပါတယ်။

ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဟာလဲ ဒီစစ်ရေးအခြေအနေများအတွင်းမှာပဲ တိုက်ပွဲ ဝင်နေရ တာကြောင့် အလားတူအခြေအနေမျိုးတွေကို ရင်ဆိုင်ကျော်လွှားနေကြတယ်လို့ ဆိုရမှာပါ။ ဒီအခြေအနေ အပြောင်းအလဲတွေကို အကောင်းဆုံး တွက်ချက်ပြင်ဆင်ပြီး ရန်သူကို အကောင်းဆုံး တုံ့ပြန် တိုက်ပွဲဝင်သွား နိုင်ဖို့ ကြိုးစားနေကြတာတွေ့ရလို့လည်းဝမ်းမြောက်မိပါတယ်။

အရှေ့မြောက် ပါတီဗဟို ပြုံကွဲ ပြီး (၁၀၁) စစ်ဒေသဘက်မှာ ပါတီဗဟို အခြေပြုနေရတဲ့ ၁၉၈၉ ခုနှစ်က ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ (၅၀)နှစ်မြောက် မွေးနေ့ကျရောက်ခဲ့ပါတယ်။ ပါတီဥက္ကဋ္ဌ သခင် ဗသိန်းတင် က ပါတီမွေးနေ့ကို သူ ရောက်နေတဲ့ ပန်ဝါ မှာကျင်းပပြီး၊ ဖွဲ့စည်းစ တပ်တွေနဲ့ အတူရှိနေတဲ့

ရဲဘော်ထွန်း က ကန်ပိုင်တီ မှာ ကျင်းပခဲ့ကြတာကို အမှတ်ရမိပါတယ်။ ဒီတုန်းက ဥက္ကဋ္ဌ က နှစ်(၅၀)မြောက် အထိမ်းအမှတ် မိန့်ခွန်းပြောခဲ့ပါတယ်။ သူ့မိန့်ခွန်းထဲမှာ “ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အနှစ် ၅၀ သမိုင်းသည် ပစ္စည်းမဲ့ပါတီအလံနှင့် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တိုက်ပွဲအလံ လွှင့်ထူနိုင်ရေးအတွက် တဗိုလ်ကျ တဗိုလ်တက် စနစ်ဖြင့် မျိုးဆက်တဆက်ပြီး တဆက် ချီတက်တိုက်ခိုက်ခဲ့သည့် သမိုင်းပင် ဖြစ်သည် “ လို့ ပြောခဲ့တာကို အမှတ်ရမိပါတယ်။ ဒါပေမဲ့ နောက်(၁) နှစ်အတွင်းမှာပဲ ကြီးမားတဲ့ အခြေအနေ အပြောင်းအလဲ များနဲ့ အညီလုပ်ဆောင်ဖို့ လိုအပ်လာတာကြောင့် ပါတီရဲ့ အဲဒီတပ်ဟာ ဖျက်သိမ်းခဲ့ရပြီး၊ ပါတီဗဟိုလည်း မြေအောက်ပါတီ အဖြစ်ပြောင်းလဲခဲ့ရတဲ့ အခြေအနေနဲ့ ကြုံကြိုက်ခဲ့ရပါတယ်။ ကျနော်တို့တပ်ဟာ ဥက္ကဋ္ဌ ပြောသလို အကောင်အထည်ပေါ်အောင် လုပ်ဆောင်နိုင်တဲ့ အခြေအနေ မရောက်ရှိခဲ့ပါဘူး။

အခုလက်ရှိပါတီရဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကတော့ ပြည်တွင်းမှာ အခြေပြုနိုင်နေပြီး၊ အခြေပြု ရာဒေသက လူထုတွေရဲ့ ထောက်ခံမှုကိုလည်းရယူ စည်းရုံးနိုင်နေပြီ ဖြစ်တာကြောင့် ဥက္ကဋ္ဌ သခင်ဇသိန်းတင် ပြောခဲ့တဲ့ ပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေးအလံကို လွှင့်ထူနိုင်တဲ့ မျိုးဆက်များအဖြစ် ဂုဏ်ယူရင်း ဆက်လက်မြင့်မားစွာလွှင့်ထူ သွားနိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိကြောင်း ပြောကြားရင်း နိဂုံးချုပ် လိုက်ပါတယ်။ ။